နှစ်ဆယ်တတွန့် လိမ်တွန့်ရစ်နေ အူမခွေအစုသည်။
အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ်
စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

အန္တဂုဏ်–ကြာသိမ်မြစ်ဟန် ဆင်းသဏ္ဍာန်နေ အူမခွေကို
နေရာတကျ မလျှောကျအောင် ဖွဲ့နှောင်ချည်တုပ်
ခြေသုတ်ကြိုးဝယ် ကြိုးငယ်အလား အူကြားမှာ
တည် အသိမ်မည်သော အူအနုသည်။ အတ္တိ၊ ပုဂ္ဂိုလ်
သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်
ဘွယ်သာ ထင်ရှားရှိပါသည်တကား။

---

ကား ၂၈-တောင် ရှိ၏၊ လည်မျိုနှင့် ကျင်ကြီးလမ်းပေါက်
အတွင်းဝယ် နှစ်ဆယ့်တစ်ဌာနတို့၌ အတွန့်အတွန့် အခွေအခွေ
ဖြစ်၍ တည်နေ၏၊ ပုံသဏ္ဍာန်အားဖြင့် သွေးစားကျင်း တခု၌
ဦးခေါင်းပြတ်သော မြွေကို ခွေထားပုံနှင့် တူ၏၊ အဆင်းအား
ဖြင့် အက်တေ (ကန်ကရစ်) လုပ်ထားသော ကျောက်ပြုတ်
ကလေးများ၏ အဆင်းကဲ့သို့ ဖြူ၏။

**အူသိမ်။** ။အူအသေးစားကိုပင် "အူသိမ်"ဟု ခေါ်၏၊ ပြခဲ့
သော အူမခွေတို့ကို လျှောကျ၍ မသွားအောင်
ဖွဲ့တုပ်ထားသော အူကလေးများတည်း၊ အဆင်းအားဖြင့်
ကြာသိမ်မြစ်ကဲ့သို့ ဖြူ၏၊ တည်ရာအားဖြင့် (ခြေသုတ်ကြိုး၏
အကြား၌ ကြိုးခွေတခုနှင့် တခုကို ဖွဲ့ချည်ထားသော ကြိုးသေး
ကလေးများကဲ့သို့)အူမခွေတို့၏ အကြား၌ တည်၏။